# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 9 , 2022 Volume 61, Number 7


၉.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၈ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၇၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂၆.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၀.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၉.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၁၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၇၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၇၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပို့ကုန်မြှင့်တင်ရေးအတွက် စားသောက်ကုန်ထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြုလုပ်



Korea– Myanmar Technology Advice and Solutions from Korea (TASK) စီမံကိန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် Korea Food Research Institute (KFRI) တို့ ပူးပေါင်းပြီး ပို့ကုန်မြှင့်တင်ရေးအတွက် စားသောက်ကုန်ထုတ်လုပ်ရေး နည်းပညာဆိုင်ရာဆွေးနွေးပွဲကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် (သောကြာနေ့)၊ (၉:၀၀)နာရီ အချိန်တွင် ရန်ကုန်မြို့၊ Wyndham Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ Korea Food Research Institute (KFRI)၊ သုတေသနဌာနမှ ဥက္ကဌ Dr. HONG Seok In တို့မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ကိုရီးယား စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍ ကျွမ်းကျင်ပညာရှင်များမှ အစားအသောက်ဘေးကင်းရေးစီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးအရည်အသွေး ထိန်းသိမ်းမှု၊ အစားအစာထုတ်ပိုးမှုဒီဇိုင်းများ၊ ဈေးကွက်ရှာဖွေရေး၊ ကိုရီးယားနိုင်ငံသို့ စားသောက်ကုန်တင်ပို့ခြင်းဆိုင်ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောပြီး မြန်မာ့စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သော စလေရှေ့ဆောင်ကုမ္ပဏီ၊ Golden Myanmar Honey Co.,Ltd တို့သည် တောင်ကိုရီးယားနိုင်ငံ Korea Natural Food Company တို့အကြား စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအတွက် MOU ရေးထိုးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ Korea Food Research Institute (KFRI) မှ စားသောက်ကုန်ထုတ်လုပ်ရေးပညာရှင်များ၊ မြန်မာ့စားသောက်ကုန်ထုတ်လုပ်ရေးကုမ္ပဏီ (၂၃) ခုမှ ကိုယ်စားလှယ်(၅၃) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

Source: myantrade.gov.mm


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## International Horticultural Expo 2023 တွင် မြန်မာကုမ္ပဏီများ ပါဝင်ပြသနိုင်




Source: commerce.gov.mm

"International Horticultural Expo 2023" ကို ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ကုန်စည်ပြပွဲ၏ ခေါင်းစဉ် မှာ "Green Dessert, Better Environment" ဖြစ်ပြီး ခေတ်မီစိုက်ပျိုးရေး နည်းပညာနှင့်ဆန်းသစ်တီထွင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာဖြန့်ဝေရေးနှင့် စဉ်ဆက်မပြတ်ထိန်းသိမ်း စောင့်ရှောက်ရေးစသည့် ခေါင်းစဉ်ကွဲများအလိုက် ကမ္ဘာ့နိုင်ငံများမှ ပါဝင်ပြသကြမည်ဖြစ်ပါသည်။

အဆိုပါကုန်စည်ပြပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းဆောင် ပါဝင်ပြသသွားမည်ဖြစ်ရာ ပူးပေါင်းဆောင်ရွက်လိုသည့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ထက် နောက်မကျစေဘဲ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၏ E-mail:moctradefair@gmail.com နှင့် ဖုန်း- ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သတင်းရရှိပါသည်။

(TD– Myantrade)

Source: commerce.gov.mm

## အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် Asean Tourism Forum တွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခြောက်ခု ပါဝင်ပြသသွားမည်



Source: ရတနာပုံသတင်းစာ

၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် Asean Tourism Forum (အာဆီယံခရီးသွားပြပွဲ)တွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခြောက်ခု ပါဝင်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်နောင်ဟန်က ပြောပြ၍သိရသည်။

Asean Tourism Forum (အာဆီယံခရီးသွားပြပွဲ)ကို နှစ်စဉ် အာဆီယံနိုင်ငံများတွင် အလှည့်ကျကျင်းပလျက်ရှိပြီး ၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခြောက်ခုက သွားရောက်၍ မြန်မာနိုင်ငံ၏ ခရီးသွားဒေသများရှိ အလှအပဓာတ်ပုံများ၊ ခရီးစဉ်ဒေသများရှိ အထင်ကရနေရာများတွင် အကြောင်းအရာများကို ဗီဒီယိုကလစ်များဖြင့် ပြပွဲလာသူများအား ရှင်းလင်းပြသကာ ခရီးစဉ်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပနေကျ အာဆီယံခရီးသွားဖိုရမ်နဲ့ အာဆီယံခရီးသွားပြပွဲကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်ကနေ ၅ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ Yogyakarta မြို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း ခရီးသွားကုမ္ပဏီခြောက်ခုက မြန်မာနိုင်ငံမှ ခရီးသွားဒေသတွေအကြောင်း မိတ်ဆက်ပြသပြီးတော့ ခရီးစဉ်တွေ သွားရောက် ရောင်းချပေးမှာဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေရဲ့ ခရီးသွားဖိုရမ်ကတော့ ဇန်နဝါရီ ၃၁ ရက်မှ စမှာဖြစ်ပါတယ်" ဟု ဦးနောင်နောင်ဟန်က ပြောပြသည်။

အာဆီယံခရီးသွားဖိုရမ်တွင် အာဆီယံနိုင်ငံများ၏ ခရီးသွားကဏ္ဍနှင့်ပတ်သက်၍ ကိုဗစ်ကာလအပြီး ခရီးသွားလုပ်ငန်းများအတွက် ပြန်လည်ဆောင်ရွက်ထားမှု အခြေအနေများ၊ လက်ရှိ မြန်မာနိုင်ငံအတွင်း လည်ပတ်တိုးတက်နေသည့် ခရီးသွားဒေသများကို အာဆီယံခရီးသွားဖိုရမ်မှတစ်ဆင့် ကမ္ဘာ့ခရီးသွားကုမ္ပဏီများသိရှိပြီး ပြန်လည်ရောင်းချပေးနိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၌ ဧပြီလမှ ဒီဇင်ဘာလဆန်းအတွင်း ကုန်သွယ်မှုလျာထားချက်၏ ၂၂ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့

တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၌ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာ ၂ ရက်အထိ ကိုးလတာ ကာလအတွင်း ပို့ကုန်ပမာဏအမေရိကန်ဒေါ်လာ ၆ ဒသမ ၈၉၅ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၂၂ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၁၇ သန်း ဆောင်ရွက်နိုင်ခဲ့၍ ဧပြီလမှ ဒီဇင်ဘာလအထိ ကိုးလတာ လျာထားချက်၏ ၂၂ ဒသမ ၆၄၉ ရာခိုင်နှုန်းခန့် ဆောင်ရွက်နိုင်ခဲ့ကြောင်း တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ စာရင်းများအရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာသန်း ၇၀ နှင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာသုံးသန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၃ သန်း လျာထားခဲ့ခြင်းဖြစ်ရာ တစ်နှစ်တာလျာထားချက်အပေါ် ၁၄ ဒသမ ၉၅၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ အိန္ဒိယနိုင်ငံသို့ ကုန်သွယ်မှုတွင် ၂၀၂၂ ခုနှစ် ဧပြီလမှ အောက်တိုဘာ လအထိ ရှစ်လတာအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာသန်း ၆ ဒသမ ၆၃ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၃၁ သန်းစုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၆၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ အများဆုံးပို့ကုန်များမှာ ကွမ်းသီး၊ မက်မန်းသီး၊ မြေပဲဆန်၊ ကြက်သွန်နီ၊ နန့်ဖာလုံကုန်စုံနှင့် စီးကရက်အမျိုးမျိုးတို့ဖြစ်ပြီး သွင်းကုန်များအနေဖြင့် ခါတ်မြေသြဇာနှင့်ဆံပင်တို့ဖြစ်ကြောင်းသိရသည်။

တမူးကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်များနှင့်အညီ ကုန်သွယ်မှုတွင်ကြုံတွေ့နေရသော အခက်အခဲများကို ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဆက်စက်ဌာနဆိုင်ရာများ၊ OSS ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းများဖြင့် ကုန်သွယ်မှုလျင်မြန် ချောမွေ့စေရေးဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

**Source:** မြန်မာ့အလင်းသတင်းစာ

## ထိုင်းနိုင်ငံတွင်အဝယ်လိုက်နေသည့် မြန်မာ့ရှပ် (ခေါ်) ဂုံး



https://www.commerce.gov.mm

ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှတင်ပို့သော ပင်လယ်စာများအနက် မြန်မာ့ရှပ် (ခေါ်) ဂုံးများကိုလည်း နှစ်သက်စွာ စားသုံးကြပါသည်။ မြန်မာ့ရှပ် (ခေါ်) ဂုံးများကို စားသုံးပါက ကျန်းမာရေးကောင်းမွန်သည့်အပြင် ခွန်အားအမြန်ပြည့်စေသည့် အစားအစာဖြစ်ကြောင်း ယုံကြည်ကြသည့်အလျောက် တစ်နိုင်ငံလုံး နီးပါးစားသုံးကြပါသည်။ ရိုးရာအစားအစာများနှင့် တွဲဖက်စားသောက်ကြသည့်အပြင် အမျိုးမျိုးချက်ပြုတ်စားသောက်ကြပါသည်။ အဆိုပါရှပ်အား ထိုင်းပြည်တွင်းစားသုံးသူများပါမက ထိုင်းနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြား ခရီးသွားများမှာလဲ ကြိုက်နှစ်သက်စွာ စားသုံးကြကြောင်း သိရှိရသည်။

ယခုအခါထိုင်းနိုင်ငံသည် ဒီဇင်ဘာလဖြစ်၍ ၎င်းတို့၏ထုတ်ကုန်များကို ဈေးနှုန်းလျှော့ချ၍ ဈေးရောင်းပွဲတော်များကျင်းပလျက်ရှိရာ အဆိုပါဈေးရောင်းပွဲတော်များသို့ ပြည်တွင်းပြည်ပခရီးသွားများ အများအပြား လာရောက်လည်ပတ်ကြပါသည်။ သို့ဖြစ်၍ ဈေးရောင်းပွဲတော်ရှိ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ဈေးဆိုင်များတွင် ပင်လယ်စာဖြစ်သည့် မြန်မာ့ရှပ် (ခေါ်) ဂုံးများမှာ ဈေးကွက်လိုအပ်ချက်မြင့်မားနေသော အမယ်တစ်ခုဖြစ်လာပါသည်။ တစ်ဖက်နိုင်ငံမှ ပစ္စည်းအရည်အသွေး သတ်မှတ်ချက်အနေဖြင့် သီးခြားထုတ်ပြန်ထားခြင်းမရှိသော်လည်း လတ်ဆတ်သည့် ရှပ် (အရှင်) များသာ ဈေးကောင်းရရှိကြောင်းသိရှိရသည်။ အကောက်ခွန်နှင့် ပတ်သက်သည့် သွင်းကုန်အခွန်အနေဖြင့်လည်း ပင်လယ်စာများအပေါ် (Duty rate) အခွန်ပမာဏ (၁) ရာခိုင်နှုန်း အောက်သာ သတ်မှတ်ထားကြောင်း သိရှိရသည်။

**Source:** https://www.commerce.gov.mm

## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုအတွက် ဒီဇင်ဘာ ၆ ရက်နေ့တွင် လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှု

ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားခြင်းများကို Tradenet 2.0 System တွင် Online ဖြင့် လျှောက်ထားနိုင်သည့်အပြင် ကုန်သွယ်ရေးစခန်းများတွင်လည်း လာရောက်လျှောက်ထားပါက ခွင့်ပြုပေးလျက်ရှိပါသည်။ ၆-၁၂-၂၀၂၂ ရက်နေ့တွင် လာရောက်လျှောက်ထားမှုများမှ ပို့ကုန်လိုင်စင် (၁)စောင်၊ တန်ဖိုး(၀.၃၆၉) ယွမ်သန်းတန်ဖိုးရှိသည့် လျှော်ဖြူ (ဆေးကုလားမ)နှင့် သွင်းကုန်လိုင်စင် (၂၄)စောင် (၁.၂၈၉)ယွမ်သန်း တန်ဖိုးရှိသည့် ရေစုပ်စက်၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ ဖိနပ်မျိုးစုံ၊ ပလပ်စတစ်အိတ်မျိုးစုံ၊ လိမ္မော်သီး၊ ပန်းသီး၊ တည်သီး၊ အဝတ်အထည်မျိုးစုံအစရှိသည်တို့ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့ မှ (၇)ရက်နေ့ထိ ပို့ကုန်လိုင်စင် (၂) စောင်နှင့် သွင်းကုန်လိုင်စင် (၁၅၅) စောင် ခွင့်ပြုထုတ်ပေးခဲ့သည်။ အများဆုံးပို့ကုန်ပစ္စည်းများမှာ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းမျိုးစုံ၊ လျှော်ဖြူ (ဆေးကုလားမ) တို့ဖြစ်ပြီး အများဆုံးသွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်မီးသီးနှင့်မီးချောင်းများ၊ ချည်ထည်များ၊ ချုပ်ပြီးအဝတ်အထည်များ၊ ပန်းသီး၊ လိမ္မော်သီး၊ လူသုံးကုန်ပစ္စည်းတို့ဖြစ်သည်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတင်ပို့သည့် ပို့ကုန်ပစ္စည်းများမှ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အကောက်ခွန်သက်သာခွင့်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form E ကို တင်ပို့သူမှ တောင်းခံလာပါက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ၆-၁၂-၂၀၂၂ ရက်နေ့တွင် Form E ထုတ်ပေးမှုမှာ (၁၇) စောင်ဖြစ်ပြီး ချဉ်ပေါင်ဖာလာ (၈)စောင်၊ ကဏန်း (၇) စောင်၊ ငါးရှဉ့် (၂) စောင် တန်ဖိုး (၂.၇၆၄) ယွမ်သန်းတို့အား ခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့မှ (၆) ရက်နေ့အထိ Form E (၁၂၃) စောင် ထုတ်ပေးခဲ့ပါသည်။

၆-၁၂-၂၀၂၂ ရက်နေ့တွင် ပို့ကုန်ယာဉ်စီးရေ (၁၁၉) စီး၊ သွင်းကုန်ယာဉ်စီးရေ (၄၂) စီး စုစုပေါင်း (၁၆၁) စီး ကုန်သွယ်မှုဆောင်ရွက်ခဲ့ပြီး ယခုရက်ပိုင်းတွင် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ နှမ်းမျိုးစုံ၊ ပြောင်း၊ ဖရဲသီး ၊ သခွားသီးအစရှိသည့် သီးနှံများတင်ပို့သည့်ကာလရောက်ရှိ၍ ပို့ကုန်ယာဉ်စီးရေများ ပိုမိုခဲ့ပါသည်။ ၁-၁၂-၂၀၂၂ မှ ၆-၁၂-၂၀၂၂ ရက်နေ့အထိ ပို့ကုန်ယာဉ်စီးရေ (၇၆၂) စီး၊ သွင်းကုန်ယာဉ်စီးရေ (၃၃၆) စီး ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသ ကုန်သွယ်မှုများအတွက် ငွေပေးချေမှုကို ယွမ်ငွေကြေး၊ ဒေါ်လာငွေကြေးများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပဲ၊ ပြောင်း၊ နှမ်း ၊ မြေပဲဆန်တို့ကို ဒေါ်လာငွေကြေးအပြင် ယွမ်ငွေကြေးဖြင့်ပါ ဆောင်ရွက်ခွင့်ပြုပြီး ဆန်၊ ဆန်ကွဲ၊ အခြားလယ်ယာထွက်ကုန်ပစ္စည်းများနှင့်ရေထွက်ပစ္စည်းဖြစ်သည့် ကဏန်း၊ ငါးရှဉ့်တို့ကို ယွမ်ငွေကြေးဖြင့် ခွင့်ပြုဆောင်ရွက်လျက်ရှိပါသည်။

မူဆယ်ဒေသမှ အများဆုံးတင်ပို့သည့် ပဲတီစိမ်းဈေးနှုန်းမှာ ရွှေလီဈေးနှုန်း (၁)တန်လျှင် (၅၀၀၀-၅၅၀၀)ယွမ်၊ ပြောင်းဖူးစေ့ (၁)တန်လျှင် (၂၂၅၀-၂၃၀၀)ယွမ်၊ နှမ်းနက် (၁)တန်လျှင် (၈၅၀၀-၁၀၅၀၀)ယွမ် ၊ နှမ်းဖြူ (၁)တန်လျှင် (၉၀၀၀-၁၀၀၀၀)ယွမ် ၊ မြေပဲဆန် (၁)တန်လျှင် (၉၀၀၀-၉၅၀၀)ယွမ်၊ ဆန် (ဧည့်မထ) ၂၅% (၁) တန်လျှင် (၂၁၆၀) ယွမ်၊ ဆန်ကွဲ (A 1-2) (၁)တန်လျှင် (၂၄၀၀) ယွမ်၊ ရော်ဘာ RSS-3 (၁)တန်လျှင် (၁၀၀၀၀-၁၀၃၀၀) ယွမ် ဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်းသိရှိရသည်။

ပို့ကုန်လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတင်ပို့ခဲ့သည့်ပစ္စည်းများ၏ တန်ဖိုးအတိုင်း တစ်ဖက်နိုင်ငံဝယ်ယူသည့် ကုန်ဝယ်သူမှပေးချေသည့် ကုန်ဖိုးငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အတိုင်း ဘဏ်စနစ်ဖြင့် ပို့ကုန်ရငွေများ ဝင်ရောက်နိုင်ရေးဆောင်ရွက်ရန် လိုအပ်ကြောင်းသိရှိရသည်။

**Source:** https://www.commerce.gov.mm

## နိုဝင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံက မြန်မာ့ဆန် ဒုတိယအများဆုံးတင်သွင်းခဲ့



https://www.foodindustrydirectory.com.mm

ဖိလစ်ပိုင်နိုင်ငံသည် နိုဝင်ဘာလတွင် ဆန်တန်ချိန် ၃.၃၇ သန်း တင်သွင်းခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံမှ Bureau of Plant Industry (BPI) မှ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ ယခုနှစ်တွင် ဆန်အများဆုံးတင်သွင်းသည့်လမှာ ဩဂုတ်လဖြစ်ပြီး တန်ချိန် ၄၃၃,၄၅၄ တင်သွင်းခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ဆန်ကို တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ မြန်မာ၊ ပါကစ္စတန်၊ စင်ကာပူ၊ စပိန်၊ ထိုင်းနှင့်ဗီယက်နမ်တို့ထံမှ တင်သွင်းခဲ့သည်။ ဗီယက်နမ်ထံမှ ဆန်အများဆုံးတင်သွင်းခဲ့ပြီး တန်ချိန် ၂.၈၁ သန်း တင်သွင်းခဲ့သည်။ ဒုတိယအများဆုံးတင်သွင်းခဲ့သည်မှာ မြန်မာဆန်ဖြစ်ပြီး တန်ချိန် ၂၁၅,၉၁၈ တင်သွင်းခဲ့သည်။ တတိယအများဆုံးမှာ ထိုင်းဆန်ဖြစ်ပြီး တန်ချိန် ၁၆၆,၅၀၁ တင်သွင်းခဲ့သည်။

ဆန်အများဆုံး တင်သွင်းသည့်လုပ်ငန်းမှာ NAN STU Agri Traders ဖြစ်ပြီး တန်ချိန် ၁၈၉,၂၁၀ တင်သွင်းခဲ့သည်။ ဒုတိယအများဆုံးမှာ Manus Dei Resources Ent. Inc. ဖြစ်ပြီး ဆန်တန်ချိန် ၁၅၂,၇၅၁ တင်သွင်းခဲ့သည်။ Lucky Buy and Sell သည် တတိယအများဆုံး ဆန်တင်သွင်းသူဖြစ်ပြီး တန်ချိန် ၁၄၄,၈၅၁ တင်သွင်းခဲ့ပါသည်။

**Source: philstar**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5423-philippine-import-rice.html

## ဘိုကလေးမြို့နယ်တွင် ယာယီရပ်နားခဲ့သည့် ပင်လယ်ပြင်ကျော့ပိုက်ငါးဖမ်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာ



Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ယာယီရပ်နားခဲ့သည့် ပင်လယ်ပြင်ကျော့ပိုက်ငါးဖမ်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာကြောင်း ဘိုကလေးမြို့နယ်ကျော့ပိုက်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ဦးနေလင်းက ပြောပြ၍သိရသည်။

ဘိုကလေးမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ယာယီရပ်နားခဲ့သည့် ပင်လယ်ပြင်တွင် ကျော့ပိုက်ဖြင့်ငါးဖမ်းသည့်လုပ်ငန်းကို ၂၀၂၀ ခုနှစ်က ရပ်နားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ယာယီရပ်နားခဲ့သည့် ပင်လယ်ပြင် ကျော့ပိုက်ငါးဖမ်းလုပ်ငန်းကို စက်လှေ ၃၇ စီးဖြင့်စတင် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ကျော့ပိုက်လုပ်ငန်းတွေကို အကြောင်းအမျိုးမျိုးကြောင့် ယာယီရပ်နားခဲ့တာပါ။ လက်ရှိတွင် ငါးဈေးတွေလည်း ကောင်းလာလို့ လိုအပ်တာတွေကို ပြင်ဆင်ပြီးပြန်လည်လုပ်ကိုင်တာပါ။ အခုလိုပင်လယ်ကျော့ပိုက် ငါးဖမ်းလုပ်ငန်းကို ပြန်လည်လုပ်ကိုင်လာကြတော့ ကျော့ပိုက်လုပ်ငန်းအပေါ် မှီခိုလုပ်ကိုင်စားသောက်နေကြတဲ့ ရေလုပ်သားတွေနဲ့ သူတို့မိသားစုတွေအတွက် အခွင့်အလမ်းပါပဲ။ ဒေသတွင်း ငါးလိုအပ်ချက်နဲ့ ငါးဈေးကောင်းလာတာကြောင့် ကျော့ပိုက်လုပ်ငန်းမှာ ရင်းနှီးထားတဲ့အခါ အမြတ်အစွန်းက အခြားလုပ်ငန်းတွေနဲ့ယှဉ်ရင် အဆင်ပြေလို့ပြန်လုပ်ကိုင်ကြတာဖြစ်ပါတယ်" ဟု ဘိုကလေးမြို့နယ် ဦးနေလင်းကပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ပင်လယ်ပြင် ကျော့ပိုက်ငါးဖမ်းသည့်လုပ်ငန်းကို လုပ်ငန်းရှင် ၂၉ ဦးမှ ကျော့ပိုက် စက်လှေ ၃၇ စီးဖြင့် ပြန်လည်လည်ပတ်လုပ်ကိုင်နေကြောင်း၊ အဆိုပါ ကျော့ပိုက်စက်လှေတစ်စီးလျှင် အနည်းဆုံး ရေလုပ်သား ခြောက်ဦးမှ ၁၅ ဦးထိ ငှားရမ်းခေါ်ယူလုပ်ကိုင်ကြပြီး ရေလုပ်သားတစ်ဦးလျှင် ငွေကျပ် ၁၄၀၀၀၀ မှ ၁၆၀၀၀၀ ထိပေး၍ ငှားရမ်းလုပ်ကိုင်ရကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဒုတိယအသုတ်အဖြစ် ဆန်တန်ချိန်ပေါင်း ၅၂၆ဝ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့



Source: မြန်မာအလင်းသတင်းစာ

မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံ G to G သဘောတူညီမှုအရ မြန်မာ့ဆန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝယ်ယူလျက်ရှိရာ နိုဝင်ဘာ ၂ ရက်မှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်များကို တိုက်ရိုက်တင်ပို့လျက်ရှိပြီး ယနေ့(ဒီဇင်ဘာ-၈)နံနက်ပိုင်းတွင် ဆန်တန်ချိန် ၂၆၅ဝ တင်ဆောင်ထားသော MCL-12 သင်္ဘောမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထပ်မံထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းတို့မှလည်း ဆန်များ တင်ပို့လျက်ရှိပြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ပထမသုတ်အဖြစ် နိုင်ဝင်ဘာ ၂ ရက်မှ ၂၂ ရက်အထိ သင်္ဘောလေးစင်းဖြင့် ဧည့်မထဆန် ၅ မတ်၊ ဆန်တန်ချိန် ၁ဝ၅၆၅ တန် တင်ပို့ခဲ့သည်။ ဒုတိယသုတ်အဖြစ် ဒီဇင်ဘာ ၁ ရက်၌ MCL-19 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၁ဝ နှင့် ဒီဇင်ဘာ ၈ ရက်၌ MCL-12 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅ဝ စုစုပေါင်းဆန်တန်ချိန် ၅၂၆ဝ တင်ပို့ထားပြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းသို့ သုံးစင်းမြောက် သင်္ဘောဖြစ်သော MCL-18 သင်္ဘောသည် ဒီဇင်ဘာ ၇ ရက်မှ မွန်းလွဲပိုင်းက ဆိုက်ရောက်ကာ ပို့ကုန်ဆန်များ ဆက်လက်တင်ပို့ရန် ဆောင်ရွက်လျက်ရှိသည်။

"ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းကနေ ဆန်ဆက်ပြီးတင်ပို့ဖို့ကျန်နေသေးတဲ့အတွက် ဆန်ကိုပဲ အဓိကထားပြီး တင်ပို့နေပါတယ်။ ရေလမ်းကြောင်းနဲ့ဆက်စပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆန်အပြင် ပြောင်းကို ဝယ်ယူမယ်ဆိုရင်လည်း တိုင်းဒေသကြီးမှာ ရှိနေပါတယ်။ ဈေးကွက်ဝယ်လိုအားအပေါ်မူတည်ပြီး တင်ပို့နိုင်ဖို့ အသင့်ရှိနေပါတယ်။ ဒီနေ့(ဒီဇင်ဘာ-၈) မနက်ဆိုရင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဒုတိယအသုတ် ဆန်တင်ပို့မှုမှာ နှစ်စင်းမြောက် သင်္ဘောထွက်ခွာသွားပါပြီ။ ဧရာဝတီတိုင်းဒေသကြီးကနေ ရေလမ်းကြောင်းအဆင်ပြေတဲ့ ကုန်သွယ်ဖက်နိုင်ငံတွေကို စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းမျိုးစုံ တင်ပို့ဖို့ လျာထားပေမယ့် ကနဦးအနေနဲ့ ဆန်ကိုပဲ အပြီးအပြတ်တင်ပို့နိုင်အောင် ကြိုးပမ်းနေပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းကပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပထမသုတ် ဆန်တင်ပို့ပြီးချိန်တွင် ဒီဇင်ဘာဒုတိယအပတ်၌ ဒုတိယအသုတ်အဖြစ် ဆန်များ ဆက်လက်တင်ပို့ရန် ပထမဆုံးသင်္ဘောဝင်ရောက်မည်ဟု ကနဦးခန့်မှန်းထားသော်လည်း တိုင်းဒေသကြီးအတွင်း၌ ဆန်စက်များ ကြိတ်ခွဲအားကောင်းမွန်ခြင်းနှင့် လိုအပ်သောစပါးများ အသင့်ရှိနေသည့်အတွက် အရည်အသွေးကောင်းမွန်သော ပို့ကုန်ဆန်များ အလျင်မပြတ်ဆက်လက်တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ဒီဇင်ဘာပထမအပတ်၌ ဒုတိယအသုတ် ပို့ကုန်ဆန်များကို ဆက်လက်တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန်လျာထားသော ဆန်တန်ချိန်ပြည့်မီရန် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး၊ ထိုသို့မြန်မာပြည်၏ စပါးကျီဟုတင်စားထားသော ဧရာဝတီတိုင်းဒေသကြီးမှ ပြည်ပသို့ဆန်တိုက်ရိုက်တင်ပို့နိုင်မှုကြောင့် တောင်သူ၊ လုပ်ငန်းရှင်၊ ဆန်စက်ပိုင်ရှင်များ စီးပွားရေးအခွင့်အလမ်းများ အဆင်ပြေလျက်ရှိပြီး ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လမ်းလျက်ရှိကြောင်းသိရသည်။

**Source:** မြန်မာ့အလင်းသတင်းစာ

# STOCK EXCHANGE (9.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Dec. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -200 | -2.20% | 9,000 | 9,000 | 8,900 | 1,483 | 13,292,400 | 33,109,694 | 294,676 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 158 | 529,300 | 38,929,150 | 130,413 |
| MCB | 00003 | 7,600 | -100 | -1.30% | 7,700 | 7,700 | 7,600 | 51 | 391,900 | 10,400,986 | 79,048 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,000 | 19,500 | 19,000 | 206 | 3,914,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 250 | 1,225,000 | 10,497,598 | 51,438 |


## Market summary

As of 9th Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.25 | -5.01 | -1.25% | 399.64 | 400.35 | 397.25 | 2,148 | 19,353,100 | 7 | 691,059 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 9th Dec. 2022

| MYANPIX | 397.25 ▼ 5.01 |
|---|---|
| Total Volume (shares) | 2,148 |
| Total Value (MMK) | 19 mil |
| Listed Company | 7 |
| Market Cap. (MMK) | 691,059 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 200 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,600 | ▼ 100 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |